## အစိုးရဝန်ကြီးဌာနအသီးသီးမှ လာရောက်သော ပညာသင် သင်တန်းသား/သူများ သိရှိ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ

ပညာသင် သင်တန်းသား/သူများအနေဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် ဖော်ပြပါ အထောက်အထားစာရွက်များနှင့်အတူ မြန်မာသံရုံး၊ စင်ကာပူမြို့မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရမည်-

**၁။ ပညာသင် ရောက်ရှိကြောင်းသတင်းပေးပို့ခြင်း**

- ပြည့်စုံစွာ ဖြည့်စွက်ထားသော scholarship report form
  (Scholarship report form အား သံရုံး၏ website တွင်download ရယူနိုင်သည်)
- မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ (၁) စောင်
- ခွင့်ပြုမိန့်/ DO မိတ္တူ(၁)စောင်
- တက်ရောက်နေသည့် တက္ကသိုလ်/ကျောင်း/သင်တန်းမှ ပညာသင် သင်တန်းသား/သူ ဖြစ်ကြောင်း ထောက်ခံစာမိတ္တူ/ ကျောင်းသားကတ်

**၂။ မြန်မာနိုင်ငံကူးလက်မှတ်တွင် နိုင်ငံတိုးဖြည့်စွက်ရန် လျှောက်ထားခြင်း/ အခြားနိုင်ငံများသို့ ဆွေးနွေးပွဲတက်ရောက်ခွင့်ပြုရန် လျှောက်ထားခြင်း**

( ၃လ ကြိုတင်လျှောက်ထားရန်)

- ကိုယ်တိုင်ရေးလျှောက်လွှာ
- တက်ရောက်နေသည့် သင်တန်း/ ကျောင်း/ တက္ကသိုလ်မှ ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ
- စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ ပြုလုပ်သည့်အဖွဲ့အစည်းမှ ဖိတ်ကြားစာ
- နိုင်ငံကူးလက်မှတ်မိတ္တူ

**၃။ မြန်မာနိုင်ငံသို့ ခေတ္တပြန်ခွင့်ပြုရန်လျှောက်ထားခြင်း**

(၂ လကြိုတင်လျှောက်ထားရန်)

- ကိုယ်တိုင်ရေးလျှောက်လွှာ
- တက်ရောက်နေသည့် တက္ကသိုလ်/ကျောင်း/ သင်တန်းမှ ခွင့်ပြုကြောင်း ထောက်ခံစာ
- နိုင်ငံကူးလက်မှတ်မိတ္တူ

## ၄။ ပညာသင်ကာလ သက်တမ်းတိုးမြှင့်ခွင့် လျှောက်ထားခြင်း

- ကိုယ်တိုင်ရေးလျှောက်လွှာ
(ပညာသင်ကာလ သက်တမ်းမကုန်မီ (၃) လကြိုတင်လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်/ကျောင်း/ သင်တန်းမှ ထောက်ခံစာ
- ပညာသင်ထောက်ပံ့စရိတ် ဆက်လက်ရရှိခြင်း ရှိ/မရှိ ထောက်ခံစာ

## ၅။ သုံးလပတ်အစီရင်ခံစာပေးပို့ခြင်း

- အစိုးရဝန်ကြီးဌာနအသီးသီးမှ လာရောက်သော ပညာသင် သင်တန်းသား/သူများ အနေဖြင့် (၃) လပတ်အစီရင်ခံစာအား မပျက်မကွက်ပေးပို့ပါရန်
( ၃လပတ်အစီရင်ခံစာပုံစံအား သံရုံး၏ website တွင်download ရယူနိုင်သည်။)

## ၆။ ပညာသင်ကာလပြီးဆုံးခြင်း

- ပညာသင်ကာလပြီးဆုံး၍ ဖြစ်စေ၊ အခြားတစ်စုံတစ်ရာကြောင့်ဖြစ်စေ စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်၊ လေယာဉ် ပျံသန်းအမှတ်နှင့်ခရီးစဉ်တို့အား မြန်မာသံရုံးသို့ သတင်းပေးပို့ရန်

ပညာသင်သင်တန်းသား/သူများအနေဖြင့် အထက်ဖော်ပြကိစ္စရပ်များနှင့် အခြားလိုအပ်သော အကူအညီများအတွက် မြန်မာသံရုံး၏email mesingaporescholarship@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။